# ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း လူ့အခွင့်အရေးအခြေအနေ အနှစ်ချုပ် ခြုံငုံတင်ပြချက်

လစဉ်ထုတ်ဝေမှု အမှတ်စဉ် (၄)

ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၂၄

## နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြန်မာစစ်တပ်က နိုင်ငံအာဏာကို တရားမဝင်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတဝန်းလုံး၌ နိုင်ငံရေးအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးကိုအခြေခံကာ ဆက်စပ်ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး ပြိုကျပျက်စီးမှုများစွာ တောက်လျှောက်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ဖော်ပြလျက်ရှိနေသည်ကို မိမိတို့ သတိပြုမိသည်။

အဓိကာရအဖွဲ့သည်လည်း လူ့အခွင့်အရေးအဖွဲ့တခုအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အနှစ်ချုပ်ခြုံငုံတင်ပြချက်များ လစဉ်ရေးသားထုတ်ပြန်လျက်ရှိသည်။ အဆိုပါလေ့လာသုံးသပ်ချက်ကို တလအတွင်းထွက်ရှိသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာများနှင့် အမှီအခိုကင်းသောသတင်းမီဒီယာများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များကို အခြေခံ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လအလိုက်ရေးသားပြုစုခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဓိကာရမှ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ထွက်ရှိသော အဖွဲ့အစည်းနှစ်ခု၏ အစီရင်ခံစာသုံးစောင်နှင့် သတင်းမီဒီယာ ခုနစ်ခု၏ သတင်း/ဆောင်းပါး အပုဒ်ရေ ၆၀၀ ခန့်ကို အဓိကာရမှ စုဆောင်းလေ့လာ၍ အနှစ်ချုပ်ရေးသားထားသည်။ ဇူလိုင်လအတွင်း အနှစ်ချုပ် လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ အဓိကတွေ့ရှိရသော ခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

၁။ ICJ မှ ထုတ်ပြန်သည့် မြန်မာနိုင်ငံရှိ လွတ်လပ်မှုပိတ်ပင်ခံနေရသော အမျိုးသမီးများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ

၂။ မြန်မာ့အမျိုးသမီးသမဂ္ဂ မှ ထုတ်ပြန်သည့် ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ စစ်ရေးပဋိပက္ခအတွင်း အမျိုးသမီးများ၏ အခြေအနေသုံးသပ်ချက် အစီရင်ခံစာ

## ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

၁။ ဆန်အမြတ်တင်ရောင်းချမှုဖြင့် ဆန်လုပ်ငန်းရှင်များနှင့် ဈေးဝယ်စင်တာ တာဝန်ရှိသူများကို ဖမ်းဆီးမှု

၂။ ထိုင်းရောက် မြန်မာအလုပ်သမားများအတွက် သက်သေခံလက်မှတ်(CI) စင်တာများ ပိတ်သိမ်းမှု

၃။ ပြည်သူ့ကာကွယ်ရေးတပ်မတော်-မန္တလေး (MDY-PDF) ၏ စဥ့်ကူးအထိ နယ်မြေစိုးမိုးမှု

၄။ အာရက္ခတပ်တော် (AA) ၏ သံတွဲကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းမှု

# ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

## ၁။ ICJ မှ ထုတ်ပြန်သည့် မြန်မာနိုင်ငံရှိ လွတ်လပ်မှုပိတ်ပင်ခံနေရသော အမျိုးသမီးများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ

International Commission of Jurists (ICJ) မှ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် လွတ်လပ်ခွင့်ပိတ်ပင်ခံနေရသော အမျိုးသမီးများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်သည့် ရှင်းလင်းချက်စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ယင်းစာတမ်းသည် လွတ်လပ်ခွင့်ပိတ်ပင်ခံနေရသော အမျိုးသမီးများ (Women Deprived of Liberty – WDL)၊ ၎င်းတို့၏ ရှေ့နေများနှင့် ပြည်တွင်း အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေပြုထားပြီး ICJ မှ ပြုလုပ်သည့် အသေးစိတ်မေးမြန်းမှု အင်တာဗျူး ၁၄ ခု လည်းပါဝင်ကာ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် စိန်ခေါ်မှုများစွာရှိနေသည့်အပြင် ဖြေဆိုသူများ၏လုံခြုံရေးအရ ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များကို ချန်လှပ်ထားကြောင်းကို လည်း ရေးသားဖော်ပြထားသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်မှ အာဏာသိမ်းပြီးနောက် အမျိုးသမီးပေါင်းများစွာကို နိုင်ငံရေး အကြောင်းပြချက်ဖြင့် မတရားဖမ်းဆီးထိန်းသိမ်းခြင်း၊ ရာဇသတ်ကြီးကဲ့သို့သော မရေရာသော ဥပဒေများဖြင့် ပြစ်ဒဏ်ချမှတ်တရားစွဲဆိုခြင်းများ ပြုလုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့အထိ အမျိုးသမီး ၃,၉၈၇ ဦးထက်မနည်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ၁,၅၈၂ ဦးသည် နိုင်ငံရေးအကြောင်းပြချက်ဖြင့် စွဲချက်တင် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရကြောင်း ရှင်းလင်းချက်စာတမ်းတွင်ဖော်ပြထားသည်။

WDL များသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများကိုဆန့်ကျင်သော အကျဉ်းထောင်များတွင် ပြင်းထန်သော ညှဉ်းပန်းနှိပ်စက်မှု၊ လိင်နှင့် လိင်အခြေခံအကြမ်းဖက်မှု၊ လူမဆန်စွာ ချုပ်နှောင်ခံထားရမှုအခြေအနေများနှင့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်း အပါအဝင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရသည်ဟု ရှင်းလင်းချက်စာတမ်းတွင် ဖော်ပြထားသည်။

WDL များ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသူများသည် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မကြာခဏ ခံနေကြရပြီး ၎င်းလုပ်ရပ်များအား စစ်ကြောရေးတွင် ဝန်ခံချက်များ ရရှိစေရန် နည်းလမ်းတစ်ခုအနေဖြင့် အသုံးချခံနေရသည့်အပြင် အရှက်ရစေမည့် ခန္ဓာကိုယ်ရှာဖွေမှုများနှင့် ၎င်းတို့ မိသားစုဝင်များ၏ အသက်အန္တရာယ်ကိုလည်း ခြိမ်းခြောက်မှုများပြုလုပ်ခံရလေ့ရှိကြောင်း ရှင်းလင်းချက်စာတမ်းအရ သိရှိရသည်။

အာဏာသိမ်းစစ်အုပ်စုအတွက် အကြံပြုချက်များ၊ သက်ဆိုင်ရာကုလသမဂ္ဂအေဂျင်စီများနှင့် လွတ်လပ်သော ကျွမ်းကျင်ပညာရှင်များအတွက် အကြံပြုချက်များနှင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအတွက် အကြံပြုချက်များဟူ၍ အပိုင်းသုံးပိုင်းဖြင့် မြန်မာတနိုင်ငံလုံးရှိ WDL များ ရင်ဆိုင်ကြုံတွေ့နေရသည့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်ပြီး ICJ မှ ထုတ်ပြန်သည့် ရှင်းလင်းချက်စာတမ်းတွင် သက်ဆိုင်ရာအကြံပြုချက်များကိုပါ ထည့်သွင်းဖော်ပြထားသည်။

### ၂။ မြန်မာ့အမျိုးသမီးသမဂ္ဂမှ ထုတ်ပြန်သည့် ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအထိ မြန်မာနိုင်ငံ၏ စစ်ရေး ပဋိပက္ခအတွင်း အမျိုးသမီးများ၏ အခြေအနေသုံးသပ်ချက် အစီရင်ခံစာ

မြန်မာနိုင်ငံ၏ စစ်ရေးပဋိပက္ခအတွင်း အမျိုးသမီးများ၏အခြေအနေ သုံးသပ်ချက်နှင့် ပတ်သက်သည့် အစီရင်ခံစာကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် မြန်မာအမျိုးသမီးသမဂ္ဂမှ ထုတ်ဝေခဲ့သည်။

ယင်းအစီရင်ခံစာသည် ခိုင်လုံသောသတင်းမီဒီယာများ၏ အချက်အလက်အပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ စစ်ရေးပဋိပက္ခအတွင်း အမျိုးသမီးများ၏ အခြေအနေ၊ အကြောင်းအရာများကို သုံးသပ်ထားခြင်းဖြစ်သည်။ သို့သော်လည်း အချက်အလက်အတည်ပြုခြင်းလုပ်ငန်းလုပ်ဆောင်ရာတွင် လက်တွေ့မြေပြင်ကို လက်လှမ်းမီရန် အခက်အခဲရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပိုမိုများပြားနိုင်သည်ဟု အစီရင်ခံစာ၏ နည်းနာအပိုင်းတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း သေဆုံးမှုများရှိသည့်အနက် လူသိများသော သေဆုံးမှုများထဲတွင် အမျိုးသမီး ၄၁ ဦး ပါဝင်ပြီး ၂၇ ဦး ဒဏ်ရာရရှိကာ အဓိကအကြောင်းအရင်းများမှာ စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုနှင့် မြေမြှုပ်မိုင်းများကြောင့်ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အမျိုးသမီးများသည် စစ်တပ်နှင့် ပြည်သူ့စစ်များ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ရင်ဆိုင်နေရရုံသာမက တော်လှန်ရေးတပ်ဖွဲ့များ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်စော်ကားမှုများကိုပါ ခံနေရလျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်နေ့တွင် အတည်ပြုခဲ့သော စစ်တပ်၏ တရားမဝင်စစ်မှုထမ်း ဥပဒေကြောင့် အမျိုးသမီးများအနေဖြင့် စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ရန် အရွယ်မတိုင်မီ အိမ်ထောင်ပြုခြင်းနှင့်အတူ အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်များအဖြစ်သို့ ရောက်ရှိနေရသည်ဟု အစီရင်ခံစာတွင် သုံးသပ်တင်ပြထားသည်။ အမျိုးသမီးများသည် ဖမ်းဆီး၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအား ဆိုးရွားစွာ ခံစားနေကြရကြောင်းနှင့် စစ်တပ်၏ လုပ်ဆောင်ချက်များသည် အမျိုးသမီးများ၏ ဘဝမလုံခြုံမှုနှင့် ဒုက္ခများကို ပိုမိုဆိုးရွားစေသကဲ့သို့ အကျဉ်းထောင်ထဲရှိ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများအနေဖြင့်လည်း စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများမှာ အလွန်ဆိုးရွားသော အနေအထားသို့ ရောက်ရှိနေသည် ဖော်ပြထားသည်။

## ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

### ၁။ ဆန်အမြတ်တင်ရောင်းချမှုဖြင့် ဆန်လုပ်ငန်းရှင်များနှင့် ဈေးဝယ်စင်တာ တာဝန်ရှိသူများကို ဖမ်းဆီးမှု

၂၀၂၄ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သတ်မှတ်ထားသော ဆန်ဈေးနှုန်းထက် အမြတ်တင်ရောင်းချနေသော ဆန်လုပ်ငန်းရှင်ကြီးများနှင့် ဈေးဝယ်စင်တာ တာဝန်ရှိသူများကို ဖမ်းဆီးအရေးယူထားသည် ဆိုသော သတင်းသည် လူမှုမီဒီယာတွင် ရေပန်းစားလျက်ရှိသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သတ်မှတ်ထားသောဈေးနှုန်းထက် အမြတ်တင်ရောင်းချမှုဖြင့် ဆန်စပါးလုပ်ငန်းရှင် ခုနစ်ဦးနှင့် Aeon Orange ဈေးဝယ်စင်တာဒါရိုက်တာဖြစ်သူ ဂျပန်နိုင်ငံသားအပါအဝင် ဈေးဝယ်စင်တာ အရာရှိ လေးဦး စုစုပေါင်း ၁၁ ဦးကို ဖမ်းဆီးအရေးယူထားကြောင်း စစ်ကောင်စီပိုင် သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့သည်။

သတ်မှတ်ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ဈေးတင်ရောင်းခဲ့သော ဆန်စပါးလုပ်ငန်းရှင် ၇ ဦးကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရ အရေးယူသွားမည်ဟု ဖော်ပြထားသည့်အပြင် သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သော ဆန်စပါးလုပ်ငန်းရှင်များကိုလည်း ဒဏ်ကြေးနှင့် အခွန် စည်းကြပ်သွားမည်ဟုဆိုသည်။

ဈေးကွက်မတည်ငြိမ်အောင်ဖန်တီးပြီး နိုင်ငံ့စီးပွားရေး ထိခိုက်စေရန် လုပ်ဆောင်နေသည်ဆိုသော စွပ်စွဲချက်ဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအပေါ် ဆက်တိုက်ဖမ်းဆီးအရေးယူမှုများ လုပ်ဆောင်နေသော်လည်း စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် စစ်တပ်နှင့်နီးနွယ်သည့် စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များမှာမူ စစ်ဆေးအရေးယူခံရခြင်းမရှိပေ။

## ၂။ ထိုင်းရောက် မြန်မာအလုပ်သမားများအတွက် သက်သေခံလက်မှတ်(CI) စင်တာများ ပိတ်သိမ်းမှု

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှစ၍ ထိုင်းနိုင်ငံအတွင်းရှိ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် Certificate of Identity (CI) ထုတ်ပေးသည့် စင်တာများအားလုံးကို ပိတ်သိမ်းမည်ဖြစ်ကြောင်း Myanmar Now၊ RFA နှင့် VOA သတင်းဌာနများ၏ သတင်းမီဒီယာဖော်ပြချက်များတွင် တွေ့ရှိရသည်။

သက်သေခံလက်မှတ် (CI) စာအုပ်ထုတ်ပေးသည့် စင်တာ ရှစ်ခုတွင် လာရောက်လျှောက်ထားသူ နည်းပါးသောကြောင့် စာအုပ်ထုတ်ပေးခြင်းကို ရပ်ဆိုင်းရန် မြန်မာဘက်မှတောင်းဆိုသဖြင့် ပိတ်သိမ်းရခြင်း ဖြစ်သည်ဟု ထိုင်းအလုပ်သမားရေးဝန်ကြီးဌာနက ဇွန်လ ၂၈ ရက်နေ့တွင် ယင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ဇွန်လ ၁၉ ရက်နေ့တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို CI စာအုပ်ထုတ်ပေးသော စင်တာ ရှစ်ခုအနက် ဆုန်ခလာနှင့် နခွန်စဝမ် ခရိုင်တို့မှ စင်တာနှစ်ခုကို ထိုင်းအစိုးရက ပိတ်သိမ်းခဲ့ပြီး ကျန်ရှိနေသော မဟာချိုင်၊ စမွန်ပရာကန်၊ ပထုံဌာနီ၊ ချွန်ဘူရီ၊ စူရတ်ဌာနီနှင့် ချင်းမိုင်ခရိုင်ရှိ စင်တာ ခြောက်ခုလုံးကို ပိတ်သိမ်းတော့မည်ဖြစ်သည်။ ယခုကဲ့သို့ ပိတ်ပင်မှုများကြောင့် ပန်းရောင်ကတ် ခေါ် အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများအတွက် တရားဝင်နေထိုင်ခွင့်ရရှိရန် ထိုင်းအစိုးရမှ ထုတ်ပေးထားသော အသိအမှတ်ပြုကတ် ကိုင်ဆောင်ထားပြီး CI မရရှိသေးသော ရွှေ့ပြောင်းအလုပ်သမားအနေဖြင့် ထိုင်းနိုင်ငံအတွင်း နယ်မြေကျော်ပြီး အလုပ်အကိုင် ရှာဖွေရန်ခက်ခဲသွားမည်ဖြစ်သည်။

စစ်မှုထမ်းဥပဒေ အသက်သွင်းပြီးချိန်မှစပြီး စစ်ကောင်စီသည် ပြည်ပတွင် သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများအပေါ်တွင် နည်းမျိုးစုံဖြင့် ကန့်သတ်မှုများပြုလုပ်လျက်ရှိသည်။

## ၃။ ပြည်သူ့ကာကွယ်ရေးတပ်မတော်–မန္တလေး (MDY–PDF) ၏ စဉ့်ကူးအထိ နယ်မြေစိုးမိုးမှု

၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ အတွင်း ပြည်သူ့ကာကွယ်ရေးတပ်မတော်–မန္တလေး (MDY–PDF)သည် မတ္တရာမြို့နယ်အတွင်းမှ စစ်ကောင်စီစခန်းများကို သိမ်းပိုက်ရယူနိုင်ခဲ့ပြီး စဉ့်ကူးမြို့ကိုပါ နယ်မြေစိုးမိုးမှု ရရှိခဲ့ကြောင်း သတင်းမီဒီယာဖော်ပြချက်များတွင် တွေ့ရသည်။

ဇွန်လမှ စတင်ပြီး MDY–PDF သည် တအာင်းတပ် TNLA နှင့်အတူ ၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်းအဖြစ် စစ်ကောင်စီကို စတင်ထိုးစစ်ဆင်ခဲ့ပြီး မတ္တရာတိုက်ပွဲတွင် ဒေသအခြေစိုက် တော်လှန်ရေးပူးပေါင်းအဖွဲ့များနှင့်အတူ စစ်ကောင်စီကို ပူးပေါင်းတိုက်ခိုက်ခဲ့သည်။ ဇူလိုင် ၂ ရက်နေ့ MDY–PDF ထုတ်ပြန်ချက်တွင် အင်ကြင်းမြိုင်ကျေးရွာအခြေစိုက် ၁၀၁၄ လေကြောင်းရန်ကာကွယ်ရေးတပ်စခန်း၊ ဆည်တော်တပ်စခန်း၊ ပန်းသလဲတောင်၊ ရေစိုတောင်၊ နေကျော်တောင်၊ ရွှေပုထိုး၊ ကျောက်ခလုတ်နှင့် မြေနီတောင်တွင်ရှိသည့် အောင်သပြေကျေးရွာအနီး Alpha ဘိလပ်မြေစက်ရုံတပ်စခန်း၏ စိုးမိုးကုန်းတို့ကို သိမ်းပိုက်ထားနိုင်ခဲ့ကြောင်း ထုတ်ပြန်ထားပြီး ဇူလိုင် ၁၂ ရက်တွင် တံငါသည်(မြောက်ရွာ) (ကျောက်စရစ်ကုန်းကျေးရွာ) စစ်စခန်းကို ထပ်မံသိမ်းပိုက်ထားကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့နောက် မတ္တရာမြို့နယ်အတွင်း MDY–PDF များနှင့် ပူးပေါင်းတပ်များ၏ ထိုးစစ်ဆင်တိုက်ပွဲများ ဆက်လက်ပြင်းထန်လျက်ရှိပြီး ဇူလိုင်လ ၁၇ ရက်နေ့တွင် စဉ့်ကူးမြို့ကို သိမ်းပိုက်ရရှိခဲ့သည်။ တိုက်ပွဲပြင်းထန်နေစဉ် စဉ့်ကူးမြို့ကိုလက်မလွှတ်ရရေးအတွက် စစ်ကောင်စီဘက်မှ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် မြို့အနှံ့အပြားတွင် ထိခိုက်ပျက်စီးခြင်း၊ မီးလောင်ခြင်းလည်းဖြစ်ပေါ်ခဲ့ပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှုလည်းရှိခဲ့ကာ ဒေသခံအများအပြား ထွက်ပြေးတိမ်းရှောင်နေရသည်။ စစ်ကောင်စီပိုင် မီဒီယာများမှ စဉ့်ကူးမြို့ကို ပြန်လည်သိမ်းပိုက်ပြီးဖြစ်ကြောင်း ဝါဒဖြန့်ချိခဲ့သော်လည်း ဇူလိုင်လ ၂၂ ရက်နေ့တွင် MDY–PDF ၏ ပြန်ကြားရေးတာဝန်ခံက စဉ့်ကူးတမြို့လုံးကို အပြည့်အဝထိန်းချုပ်ထားဆဲဖြစ်ကြောင်း Myanmar Now မီဒီယာတွင် ပြောကြားခဲ့သည်။

MDY–PDFနှင့် ပူးပေါင်းတပ်ဖွဲ့များသည် စဉ့်ကူးမြို့ကို နယ်မြေစိုးမိုးမှုရရှိခဲ့သည်သာမက မတ္တရာမြို့နယ်အတွင်းမှ စစ်ကောင်စီစခန်း ၂၈ ခုကိုသိမ်းပိုက်ရရှိခဲ့ပြီး စစ်သုံ့ပန်းများနှင့် စစ်လက်နက်ခဲယမ်းအများအပြားလည်း သိမ်းဆည်းရမိခဲ့သည်။

## ၄။ အာရက္ခတပ်တော် (AA)၏ သံတွဲကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းမှု

ရခိုင်ပြည်နယ် ဒေသအနှံ့အပြားတွင် အာရက္ခတပ်တော် (AA) ၏ နယ်မြေသိမ်းပိုက်မှုများကြောင့် တိုက်ပွဲများ ပြင်းထန်လျက်ရှိပြီး သံတွဲတွင်လည်း သုံးလကျော်ကြာ ထိုးစစ်ဆင်ပြီးနောက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း အာရက္ခတပ်တော် (AA) သည် သံတွဲမြို့ကို အပြီးသတ်သိမ်းပိုက်နိုင်ခဲ့ကြောင်း သတင်းမီဒီယာများတွင် ဖော်ပြထားသည်။

AA ၏ ဇူလိုင်လ ၇ ရက်နေ့ ထုတ်ပြန်ချက်တွင် "အာရက္ခဒေသတစ်ခုလုံးအတွင်း၌ ဖက်ဆစ်စစ်ကောင်စီ၏တပ်များအားလုံး အနေးနှင့်အမြန်ကင်းစင်ရမည်" ဟု ဖော်ပြထားပြီး ထိုအချိန်တွင် အမ်း၊ သံတွဲနှင့် မောင်တောမြို့နယ်တို့တွင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။ ထို့နောက် AA သည် စစ်ကောင်စီ၏ ခမရ ၅၆၆ ၊ ခလရ (၅၅) နှင့် သံတွဲ (ပေလီ)

လေ ဆိပ်တို့ကို သိမ်းပိုက်ရရှိခဲ့ပြီး ဇူလိုင်လ ၁၂ ရက်နေ့ ညနေပိုင်းမှစတင်ကာ သံတွဲမြို့အတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီ ရေတပ်နှင့် လေတပ်တို့မှ သံတွဲမြို့အတွင်းသို့ ပစ်ခတ်မှုများရှိခဲ့ပြီး သံတွဲအကျဉ်းထောင်အပါအဝင် စာသင်ကျောင်းနှင့် လူနေအိမ်အများအပြား ထိခိုက်ပျက်စီးခဲ့သည်။ ဇူလိုင် ၁၅ ရက်နေ့တွင် သံတွဲမြို့ပေါ်ကို သိမ်းပိုက်နိုင်ခဲ့ပြီး သံတွဲအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများ အပါအဝင် အကျဉ်းသား ရာချီ လွတ်မြောက်လာခဲ့သည်။ AA အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဘက်တွင်လည်း နယ်မြေထိန်းချုပ်ရရှိရန် ထိုးစစ်ဆင်လျက်ရှိပြီး စစ်ကာင်စီနှင့် နှစ်ဘက်တိုက်ပွဲများ ဆက်လက် ပြင်းထန်နေဆဲ ဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများကြောင့် ဒေသခံများ ဘေးလွတ်ရာတိမ်းရှောင်နေကြရသလို တိုက်ပွဲအတွင်း ထိခိုက်သေဆုံးမှုများလည်းရှိနေပြီး AA နယ်မြေထိန်းချုပ်ထားသော ဒေသများတွင်လည်း စစ်ကောင်စီ၏ အကြိမ်ကြိမ်ကျူးလွန်သော လေကြောင်းတိုက်ခိုက်မှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေရသည်။